ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
လွှတ်တော်

# လွှတ်တော်ကိုယ်စားလှယ်များ၏
# လွှတ်တော်တွင်းဆောင်ရွက်ချက်များ



နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ လွှတ်တော်ကော်မတီများ အပါအဝင်၊ ပြည်ထောင်စု အစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းသော ဥပဒေကြမ်းများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ အတည်ပြုခြင်း၊ ခေတ်နှင့်လိုက်လျောညီထွေမှု မရှိသော ဥပဒေများ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြန်လည်ရေးဆွဲခြင်းတို့ ဆောင်ရွက်ကြပါသည်။ ပြည်သူ့ဘဝ လုံခြုံတိုးတက်ရေးအတွက် လိုအပ်သော ဥပဒေများ ပေါ်ပေါက်လာရေးအတွက် ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ကြရပါသည်။




လွှတ်တော်တွင်း ဆောင်ရွက်ချက်များကို မဲဆန္ဒရှင် ပြည်သူများသို့ ပြန်လည် ရှင်းလင်းတင်ပြခြင်း။
မဲဆန္ဒရှင် ပြည်သူများ၏ အသံများ၊ မိမိမဲဆန္ဒနယ်မြေ၏ လိုအပ်ချက်များကို လွှတ်တော်တွင် မေးခွန်း (သို့မဟုတ်) အဆိုအဖြစ် တင်သွင်းခြင်း။

လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်အစည်းအဝေးများတွင် အဆိုတင်သွင်းခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ ကော်မတီများက အစီရင်ခံစာတင်သွင်းခြင်းတို့ဖြင့် ထိန်းညှိဆောင်ရွက်သည်။ ပြည်သူလူထု၏ လိုအပ်ချက်များနှင့် သိရှိလိုသည့်ကိစ္စရပ်များကို ကိုယ်စားလှယ်များက လွှတ်တော်ရုံးမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့လည်းကောင်း တင်ပြပေးနိုင်သည်။ ထို့ပြင် လွှတ်တော်အနေဖြင့် ပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများလုပ်ငန်းစဉ်များကိုလည်း ဥပဒေနှင့်အညီ စောင့်ကြည့်ထိန်းညှိခြင်းလည်း ဆောင်ရွက်ရသည်။

HLUTTAW
The project to develop this Map was supported by the Hanns Seidel Foundation, the German Bundestag and Bundesrat. Financial support was provided by the Foreign Ministry of Germany (Auswärtiges Amt). All rights,including the right of reproduction, dissemination and translation, reserved.
The copyrights of this publication is held by Pyidaungsu Hluttaw, the Republic of the Union of Myanmar.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
လွှတ်တော်

# ဥပဒေကြမ်းတစ်ခုကို အတည်ပြုရန် ဆောင်ရွက်ပုံ အဆင့်ဆင့်






ဥပဒေနှင့်အညီ ပေးပို့လာသော ဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် တစ်ရပ်ရပ်၌ စတင်ဆွေးနွေးပြီး လွှတ်တော်နှစ်ရပ် အပြန်အလှန် ပေးပို့အတည်ပြုရာတွင် သဘောကွဲလွဲမှု မရှိလျှင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်။ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်ပေးပို့ ဆွေးနွေးအတည်ပြုပါသည်။

---




ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်သမ္မတထံသို့ ပေးပို့သော ဥပဒေကြမ်းကို သမ္မတသည် ၁၄ ရက်အတွင်း အတည်ပြုလက်မှတ် ရေးထိုးနိုင်ပါသည်။ သို့မဟုတ် သမ္မတက ဥပဒေကြမ်းကို ပြန်လည် စိစစ်ရန်၊ ပြင်ဆင်ရန် အကြံပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည် ပေးပို့နိုင်ပါသည်။

ပြည်ထောင်စုလွှတ်တော်က ပြန်လည်ဆွေးနွေးပြီး သမ္မတ၏ ပြင်ဆင်ချက်အတိုင်းဖြစ်စေ၊ မူလအတိုင်း အတည်ပြု၍ဖြစ်စေ သမ္မတထံပြန်လည်ပေးပို့ပါသည်။ ထိုသို့ပြန်လည်ပေးပို့သည့်နေ့၏ နောက်တစ်ရက်မှစ၍ (၇) ရက်အတွင်း သမ္မတက လက်မှတ်ထိုးသည်ဖြစ်စေ မထိုးသည်ဖြစ်စေ (၇) ရက် မြောက်သောနေ့တွင် ဥပဒေအဖြစ်သို့ ရောက်ရှိပါသည်။




The project to develop this Map was supported by the Hanns Seidel Foundation, the German Bundestag and Bundesrat. Financial support was provided by the Foreign Ministry of Germany (Auswärtiges Amt).


All rights,including the right of reproduction, dissemination and translation, reserved.
The copyrights of this publication is held by Pyidaungsu Hluttaw, the Republic of the Union of Myanmar.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
လွှတ်တော်

# ပြည်ထောင်စုအဆင့်လွှတ်တော် လွှတ်တော်ကိုယ်စားလှယ်များ



## ပြည်သူ့လွှတ်တော်

ရွေးကောက်ခံကိုယ်စားလှယ်
၃၃၀ ဦး
+
တပ်မတော်သားကိုယ်စားလှယ်
၁၁၀ ဦး
------------
စုစုပေါင်းကိုယ်စားလှယ်
၄၄၀ ဦး



## အမျိုးသားလွှတ်တော်

ရွေးကောက်ခံကိုယ်စားလှယ်
၁၆၈ ဦး
+
တပ်မတော်သားကိုယ်စားလှယ်
၅၆ ဦး
------------
စုစုပေါင်းကိုယ်စားလှယ်
၂၂၄ ဦး

## စုစုပေါင်း

ရွေးကောက်ခံကိုယ်စားလှယ်
၄၉၈ဦး
+
တပ်မတော်သားကိုယ်စားလှယ်
၁၆၆ ဦး
------------
စုစုပေါင်းကိုယ်စားလှယ်
၆၆၄ ဦး

## အမျိုးသားလွှတ်တော် ပါတီအလိုက် ကိုယ်စားလှယ်စာရင်းချုပ် (၅-၇-၂၀၁၈)

| | |
|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၁၃၄ |
| ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၁ |
| ရခိုင်အမျိုးသားပါတီ | ၁၀ |
| ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် | ၃ |
| ဇိုမီးဒီမိုကရေစီ အဖွဲ့ချုပ် | ၂ |
| တအာင်း (ပလောင်) အမျိုးသားပါတီ | ၂ |
| တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ | ၁ |
| ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်ပါတီ | ၁ |
| မွန်အမျိုးသားပါတီ | ၁ |
| တစ်သီးပုဂ္ဂလ | ၂ |
| တပ်မတော်သားကိုယ်စားလှယ် | ၅၆ |
| စုစုပေါင်း | ၂၂၃ |

## ပြည်သူ့လွှတ်တော် ပါတီအလိုက် ကိုယ်စားလှယ်စာရင်းချုပ် (၅-၇-၂၀၁၈)

| | |
|---|---|
| အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၁ |
| ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၉ |
| ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် | ၁၃ |
| ရခိုင်အမျိုးသားပါတီ | ၁၃ |
| တအာင်း (ပလောင်) အမျိုးသားပါတီ | ၃ |
| ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃ |
| ဇိုမီးဒီမိုကရေစီ အဖွဲ့ချုပ် | ၂ |
| လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂ |
| ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ | ၁ |
| ကချင်ပြည်နယ်ဒီမိုကရေစီပါတီ | ၁ |
| ‘ဝ’ ဒီမိုကရက်တစ်ပါတီ | ၁ |
| တစ်သီးပုဂ္ဂလ | ၂ |
| တပ်မတော်သားကိုယ်စားလှယ် | ၁၁၀ |
| စုစုပေါင်း | ၄၃၁ |

HLUTTAW

The project to develop this Map was supported by the Hanns Seidel Foundation, the German Bundestag and Bundesrat. Financial support was provided by the Foreign Ministry of Germany (Auswärtiges Amt). All rights,including the right of reproduction, dissemination and translation, reserved.
The copyrights of this publication is held by Pyidaungsu Hluttaw, the Republic of the Union of Myanmar.